ပါရမီဘုန်းတော်ကြီးကျောင်း
PARAMI BUDDHA VIHARA
1842 Valinda Avenue, La Puente, California 91744-1448
Phone/Fax : (626) 919 - 3806
www.paramiusa.org, paramiusa@gmail.com

# မြန်မာလူမှု အသိုင်းအဝန်းအား ကျေးဇူးတင်ခြင်း နှင့် ဝမ်းသာစရာ သတင်း

(က) ပါရမီ ဘုန်းတော်ကြီးကျောင်းနှင့် ဘေးချင်းကပ်လျက် မြေဝန်းကို ၉-၂၅-၂၀၁၅ နေ့ တွင် မြန်မာတို့ ၏ စုပေါင်း စွမ်းအားဖြင့် ဝယ်ယူရရှိခဲ့ပါပြီ။ မြေအမှတ် 1848 Valinda Ave, La Puente, CA 91744 ဖြစ်ပါသည်။

(ခ) စုစုပေါင်း တန်ဖိုး ယူအက်စ် ဒေါ်လာ (၆) သိန်း (၃)သောင်းပေးရပါသည်။ ခေါ်ဈေး (၇) သိန်းဖြစ်ပါသည်။

(ဂ) မြန်မာအလှူရှင်များ၏ စုစုပေါင်း အလှူငွေသည် ၂၀၁၅ မတ်လမှ ၂၀၁၅ စက်တင်ဘာလ တတိယပတ်အထိ ယူအက်စ် ဒေါ်လာ တစ်သိန်း၊ တစ်သောင်း ဝန်းကျင် ဖြစ်ပါသည်။

(ဃ) ယခင်မြေဝန်း တန်ဖိုး ပေးဆပ်ရန် တစ်သိန်းခွဲ ကျန်ရှိနေသောကြောင့် (၄)ရာခိုင်နှုံး အတိုးပေး၍ စေတနာရှင် (၂) ဦးထံမှ စုစုပေါင်း ဒေါ်လာ (၆)သိန်းကို (၃) နှစ် စာချုပ်၊ ငါးနှစ် စာချုပ်များဖြင့် ခေတ္တ ချေးငှားသုံးစွဲခဲ့ရပါသည်။ အတိုးမယူသော (၃) သောင်း အလှူရှင်တစ်ဦးလည်း ပါဝင်ပါသည်။

(င)အရှိန်ရနေသော ဘာသာ-သာသနာ ယဉ်ကျေးလိမ္မာ လုပ်ငန်းစဉ်များ အောင်မြင်ရန်၊ယခင်ကလိုပင် နည်း-များမဆို ကုသိုလ်ပါဂင် အားတက်သရော ဆက်လက် လှူဒါန်းကြပါရန်လည်း မေတ္တာရပ်ခံပါသည်။

**အလှူရှင်များ၏ စုပေါင်းကျောင်းအလှူ ဒါနကုသိုလ်ကံသည် လက်တွေ့ အားဖြင့်...**

၁။ အမျိုး-ဘာသာ-သာသနာ-သန့် ရှင်း-တည်တံ့-ပြန့် ပွားရေးအတွက် ထောက်ပံ့လှူဒါန်းရာ ရောက်ပါသည်။

၂။ မျိုးဆက်သစ် ရင်သွေးငယ်များအတွက် ပတ်ဝန်းကျင်ကောင်း တစ်ခုကို ဖန်တည်းပေးရာ ရောက်ပါသည်။

၃။ ဗုဒ္ဓဘာသာ မြန်မာမိသားစု တန်ဖိုးများကို တိုင်းတစ်ပါးမှာပါ ထိန်းသိမ်းနိုင်စွမ်းရှိကြောင်း သက်သေဖြစ်ပါသည်။

၄။ မိမိတို့ ၏ သား-သမီး-မြေး-မြစ် တို့ အား ဘာသာ-သာသနာအမွေကို လက်တွေ့ ပေးနေခြင်းပင် ဖြစ်ပါသည်။

၅။ အငြိမ်းစားယူပြီး နောက်တွင်လည်း ဝိပဿနာတရားများကို အချိန်တိုး၍ ပွားများနိုင်သည့် အခွင့်ထူးများ ရရှိစေပါသည်။

၆။ မျိုးရိုးအစဉ်အဆက် လောကီ-လောကုတ္တရာ နှစ်ဘက်မြင် ယဉ်ကျေးမှုအမွေကို ပေးရာလည်း ရောက်ပါသည်။

၇။ နေပျော်-သေပျော် အနေတော်ဘဝကို ရရှိ ပိုင်ဆိုင်နိုင်ပြီဖြစ်၍ လှူရကျိုးလည်းနပ်-လူဖြစ်ရကျိုးလည်း နပ်ပါသည်။

**မှတ်ချက်။** ။ မကြာမီ လ-များအတွင်းမှာပင် လူကြီးများအတွက် အေးချမ်းသာယာ တိတ်ဆိတ်စွာဖြင့် ဝိပဿနာ-ဘာဝနာ တရားတော်များကို အတူတကွ ကျင့်ကြံ ပွားများ အားထုတ်နိုင်ကြပါတော့မည်။ ဓမ္မကျေးဇူး အထူးတင်ပါသည်။

**ထူးခြားချက်အားဖြင့်...** ပါရမီ ဘုန်းတော်ကြီးကျောင်းတွင်–

လူကြီးများအတွက် **ဘဝအဘိဓမ္မာ ဝိပဿနာ**

လူငယ်များအတွက် **ယဉ်ကျေးလိမ္မာ ဝိပဿနာ**

**သံသရာလွတ်ကြောင်း အကျင့်ကောင်းများကို တနေရာတည်းတွင် မိသားစုနှင့်အတူ ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါတော့မည်။**

ဤကဲ့သို့ သော မွန်မြတ်လှသည့် အမျိုး-ဘာသာ-သာသနာ လုပ်ငန်းစဉ်များ တိုးတက် အောင်မြင်ရန်အတွက်...
စွမ်းနိုင်ရာကဏ္ဍမှ ဆက်လက် ပါဝင်လှူဒါန်းကြပါရန် အလှူရှင် မိသားစုများအား လေးစားစွာ မေတ္တာရပ်ခံပါသည်။

အရှင်ပညာဒီပ နှင့် ဘုတ်အဖွဲ့ လူကြီးများ
အမှုဆောင် အဖွဲ့ လူကြီးများ
စေတနာ့ ဝန်ထမ်း ဆရာ-ဆရာမများ
လူကြီးမိဘများနှင့် ယဉ်ကျေးလိမ္မာ ကလေးသူငယ်များ

၉-၂၅-၂၀၁၅